# ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး

## မိဘနှင့်အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

| | |
|---|---|
| ကျောင်းအမည်<br>Name of school | |
| ပါဝင်သော နှစ်/နှစ်များ<br>Participating Year/s | |
| တစ်ပတ်စာ သင်ခန်းစာအရေအတွက်<br>Number of lessons per week | |
| ကျောင်းမှ ဆက်သွယ်ရမည့်သူ<br>School contact person | |
| ဆက်သွယ်ရန်ဖုန်းနံပါတ်<br>Contact telephone number | |

မိဘနှင့် အုပ်ထိန်းသူများ ခင်ဗျာ

အထက်တွင် ဖော်ပြထားသော နှစ်များရှိ ယခုနှစ်ကျောင်းသားများသည် မသင်မနေရ ဘာသာရပ်ဖြစ်သည့် ပုဂ္ဂိုလ်ရေး တိုးတက်မှု၊ ကျန်းမာရေးနှင့် ကာယပညာ (Personal Development, Health and Physical Education (PDHPE)) တွင် ပါဝင်ရပါလိမ့်မည်။

ကျွန်တော်တို့ကျောင်း၏ PDHPE အစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် မသင်မနေရ ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး ပါဝင်ပါသည်။ ကလေးသူငယ် ကာကွယ်ရေးဆိုင်ရာပညာရေးတွင် သင်ကြားသော အချို့သင်ခန်းစာများသည် ထိလွယ်ရှလွယ်သော အကြောင်းအရာများ ဖြစ်သည်။ ဤအကြောင်းအရာများကို အသက်အရွယ်အလိုက် သင့်တော်သော နည်းလမ်းဖြင့် ကျောင်းက သင်ကြားပေးပါလိမ့်မည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေးတွင် သင်ကြားမည့် ပြဋ္ဌာန်းသင်ခန်းစာများကို နောက်စာမျက်နှာတွင် ဖော်ပြထားပါသည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး နှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ပညာရေးဌာန၏ PDHPE ဝက်ဘ်ဆိုဒ်ရှိ (ကလေးသူငယ်ကာကွယ်ရေးနှင့် အလေးထားဆက်ဆံခြင်းဆိုင်ရာပညာရေး) (Child protection and respectful relationships education) ကဏ္ဍတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး သင်ကြားမည့် ဤပညာသင်ကာအတွင်း တစ်ပတ်စာ သင်ခန်းစာအရေအတွက် ကို အထက်တွင် ဖော်ပြထားပါသည်။

ထပ်မံသိရှိလိုပါက အထက်တွင်ဖော်ပြထားသော အမည်နှင့် ဖုန်းနံပါတ်အတိုင်း ကျောင်းမှ ဆက်သွယ်ရမည့်သူထံသို့ ဆက်သွယ်ပါ။

## တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

ကျောင်းသို့ဆက်သွယ်ရာတွင် စကားပြန်လိုအပ်လျှင် တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှု 13 14 50 သို့ ခေါ်ဆိုပြီး သင်၏ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းဝန်ဆောင်မှုပေးသူက ကျောင်းသို့ဖုန်းခေါ်ဆိုပေးပြီး အပြန်အလှန်စကားပြောရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ယောက် ရရှိပါလိမ့်မည်။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေပေးရန်မလိုပါ။

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး (Principal)

ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပညာရေး တွင် သင်ကြားမည့် မာတိကာတွင် အောက်ပါတို့ ပါဝင်သည် -

The content which will be covered in child protection education includes:

(Staff to tick the relevant boxes below for Stage 4 content.)

- ☐ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် လေးစားဖွယ် ပေါင်းသင်းဆက်ဆံရေးများ
  Caring and respectful relationships
- ☐ မတူညီသောပေါင်းသင်းဆက်ဆံရေးဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်များ
  Rights and responsibilities in different relationships
- ☐ အာဏာ အလွဲသုံးစား လုပ်မှု နှင့် အနိုင်ကျင့်စော်ကားခြင်း
  Abuse and power
- ☐ လိင်ပိုင်းဆိုင်ရာ ရွေးချယ်သတ်မှတ်ခြင်း
  Gender stereotypes
- ☐ ဘေးကင်းလုံခြုံသော အခြေအနေများနှင့်  ဘေးကင်းလုံခြုံမှုမရှိသော အခြေအနေများအပေါ် သင့်ခန္ဓာကိုယ်၏ တုံ့ပြန်မှုကို ယုံကြည်ခြင်း
  Trusting your body’s response to safe and unsafe situations
- ☐ စွမ်းဆောင်ရည်နှင့် ပေါင်းသင်းဆက်ဆံရေး တွင် မိသားစု၊ မီဒီယာနှင့် ရွယ်တူတန်းတူများ၏ လွှမ်းမိုးမှု
  Influence of family, media and peers on power and relationships
- ☐ မည့်သို့ကဲ့သို့ အကူအညီ ရယူမလဲ
  How to access help
- ☐ အထောက်အကူပြုမှု ကွန်ရက်များ
  Support networks
- ☐ လိင်တူနှစ်သက်သူများကို ရှုတ်ချခြင်းနှင့် လူမျိုးရေးခွဲခြားမှု အပါအဝင် အနိုင်ကျင့်ခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်း
  Bullying and harassment, including homophobic bullying and racism
- ☐ ဘေးကင်းလုံခြုံစွာနေထိုင်ရန် ကာကွယ်ရေး နည်းဗျူဟာများ
  Protective strategies to stay safe
- ☐ တရင်းတနှီး ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သဘောတူညီချက်ကို အသိအမှတ်ပြုခြင်းနှင့် နားလည်ခြင်း
  Acknowledging and understanding consent in intimate relationships